**(၄) ဘက်တီးရီးယားချေးဖတ်ရောဂါ (Potato scab)**

ရောဂါဖြစ်စေသောသက်ရှိ - *Streptomyces scabies* (ex Thaxter) Lambert & Loria, 1989

ရောဂါလက္ခဏာ

ချေးဖတ်ရောဂါသည် မြေတွင်းရှိ ဥ များတွင်သာဖြစ်ပေါ် ပြီး မြေပြင်ပေါ်အစိတ်အပိုင်း များတွင် ရောဂါ လက္ခဏာဖြစ်ပေါ်ခြင်းမရှိပါ။ ရောဂါကွက်များသည် အများအားဖြင့် အဝိုင်းပုံ နီညိုရောင် အကွက်များဖြစ်ပေါ် ပြီး ၎င်းရောဂါကွက်များသည်ဖေ့ါများကဲ့သို့ အနည်းငယ်ဖေါင်းကြွနေတတ်သည်။






ကာကွယ်နှိမ်နင်းနည်းများ

- ခံနိုင်ရည်ရှိသော မျိုးများကို အသုံးပြုပါ။
- ရောဂါကင်းသော ဥများကိုသာ မျိုးအဖြစ်သုံးပါ။
- မြေချဉ်ငန်ဓါတ် ၅.၂ (Soil PH – 5.2) အောက်ရှိခြင်းသည် ရောဂါဖြစ်ပွားမှုကို လျော့နည်းစေသည်။
- အစိုဓါတ်ထိန်းသိမ်းထားနိုင်လျှင် ရောဂါကျရောက်မှုကိုဟန့်တားပေးသည်။